# ကမ္ဘာ့အန္တရာယ်အများဆုံးငှက်



Guinness စာအုပ်တွေရဲ့ မှတ်တမ်းတွေအရ Cassowaries တွေဟာ ကမ္ဘာ့အန္တရာယ်အများဆုံး ငှက်မျိုးနွယ် တွေဖြစ်ကြပါတယ် ။ ဒီငှက်တွေဟာ လူကို သေစေနိုင်တဲ့ အလွန်ပြင်းထန်တဲ့ တိုက်ခိုက် မှုစွမ်းရည်တွေ ရှိကြ ပါတယ် ။ ဒီငှက်တွေဟာ မခန့်မှန်းနိုင်လောက်အောင် ရန်လိုတဲ့အသွင်သဏ္ဍာန်ရှိကြပြီး အထူးသဖြင့် ဒါဏ်ရာ ရတဲ့အခါ (သို့မဟုတ်) ရန်စခြင်းခံရတဲ့အခါမှာ အလွန်ကို ကြောက်မက်ဖွယ်ကောင်းလှပါတယ် ။



Australia နဲ့ New Guinea နိုင်ငံရဲ့ မိုးသစ်တောတွေထဲမှာ Cassowary ဟာ နေထိုင်ကျက်စားပြီး အမှတ်တမဲ့ သတိမ မူပဲ ကြည့်မယ်ဆိုရင်တော့ အလွန်ကို လှပပြီး ချစ်စဖွယ်ကောင်းလှပါတယ် ။ ဒါပေမယ့်

သင်ဟာ သူတို့ရဲ့ အနီးကို နီးနီးကပ်ကပ်သွားရောက်တဲ့အခါမှာတော့ သင့်ကိုရန်သူမှတ်ပြီး အရိုးကျိုးစေတဲ့တိုက်ခိုက်မှု (သို့မဟုတ်) အန္တရာယ်များတဲ့ချွန်ထက်လှတဲ့ နှတ်သီးနဲ့ တိုက်ခိုက်ခြင်းကို ခံရမှာဖြစ်ပါတယ် ။











ဒုတိယကမ္ဘာစစ် အတောအတွင်းမှာ New Guinea နိုင်ငံမှ စစ်သားတွေဟာ ဒီငှက်တွေနဲ့ ပေးပေးနေဖို့ သတိပေး ထုတ်ပြန်ထားပြီး အချို့ စစ်သားတွေကတော့ ဒီငှက်တွေရဲ့ သားကောင်တွေ ဖြစ်ခဲ့ရပါတယ် ။

သက်တန့်ချို
7 June 2010